# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 10, 2024 Volume 80, Number 8

၁၀.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၆၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၁.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၆.၇ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၅.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၆၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၀၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ့ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၃ သန်းကျော်ရရှိထား




မြန်မာ့ရေထွက်ကုန်တင်ပို့မှုမှ ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၃ သန်းကျော်ရရှိထားပြီး ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကရရှိခဲ့သည့် ဝင်ငွေထက် ကန်ဒေါ်လာ ၃၁ သန်းကျော်ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

အဆိုပါဝင်ငွေသည် ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၂၈ ရက်အထိ ရရှိထားသည့်ဝင်ငွေဖြစ်ပြီး ပြီးခဲ့သည့်နှစ် အလားတူကာလတွင် မြန်မာ့ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၁ ဒသမ ၉၈၄ သန်း ရရှိခဲ့ကြောင်းသိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားခင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ မြန်မာ့ရေထွက်ကုန်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၂၈ သန်းကျော်ရရှိခဲ့ပြီး အဆိုပါပမာဏသည် ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း စံချိန်တင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ့ရေထွက်ကုန်တင်ပို့မှုဈေးကွက်တွင် ရေထွက်ကုန်တင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းကျော်သည် တရုတ်ဈေးကွက်သို့ အဓိကတင်ပို့နေပြီး နောက်ပိုင်းတွင် ထိုင်းနိုင်ငံ၊ ဂျပန်နှင့်အီးယူနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်ကို တင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။

ပြည်ပသို့ အဓိကတင်ပို့သည့် ရေထွက်ကုန်အမျိုးအစားများမှာ ငါးသလောက်၊ ကကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်၊ ငါးရှဉ့်၊ ပုစွန်နှင့်ကဏန်း အစရှိသည်တို့ပါဝင်ကြောင်း သိရသည်။

**Source: Popular News Journal**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## နယ်စပ်ကုန်သွယ်ရေးစနစ်အသစ်အဖြစ် ရန်ကုန်-ကော့သောင်း-ရနောင်းသို့ ကွန်တိန်နာသင်္ဘောဖြင့် ကုန်သွယ်မှုစတင်ပြုလုပ်



နယ်စပ်ကုန်သွယ်ရေးပုံစံအသစ်၊ စနစ်အသစ်အဖြစ် ရန်ကုန်-ကော့သောင်း-ရနောင်း ခရီးစဉ်ကို ကွန်တိန်နာသင်္ဘောဖြင့် စတင်ကုန်သွယ်မှုပြုလုပ်ပြီဖြစ်ရာ ဇူလိုင်လ ၈ ရက်က ကွန်တိန်နာတင်သင်္ဘောကြီးမှာ ကော့သောင်းမြို့ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အလုံဆိပ်ကမ်းမှ ထွက်ခွာလာသော ကွန်တိန်နာတင်သင်္ဘောကြီးမှာ ဇူလိုင် ၈ ရက်က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ပြီး ထိုင်းနိုင်ငံ၊ ရနောင်းမြို့သို့ ကုန်စည်ပို့ဆောင်ရန် ဆက်လက်ထွက်ခွာခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရန်ကုန်မှ ထိုင်းနိုင်ငံ၊ ရနောင်းမြို့သို့ နယ်စပ်ကုန်သွယ်ရေး( Border Trade Method )စနစ်ဖြင့် ရောက်ရှိလာသော အဆိုပါသင်္ဘောမှာ ကော့သောင်းဆိပ်ကမ်းတွင် Check Point အစစ်ဆေးခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေးပုံစံအသစ်၊ စနစ်အသစ်မှာ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်က မြိတ်မြို့၊ ပုလဲသန္တာဟိုတယ်တွင် ပြုလုပ်ခဲ့သော မြန်မာ-ထိုင်းဒေသအဆင့် နယ်ခြားကော်မတီအစည်းအဝေးမှ ရရှိခဲ့သောရလဒ်တစ်ခုဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြဝတီ၊ ဘုရားသုံးဆူ၊ ကယားပြည်နယ်စပ်ကုန်သွယ်ရေးဆိုင်းငံ့ထားသဖြင့် ရေကြောင်းခရီးကိုအသုံးပြုပြီး ကွန်တိန်နာစနစ်ဖြင့်သွားရန် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပုံစံအသစ်၊ စနစ်အသစ်ဖြင့် ဆောင်ရွက်ခဲ့သည့် ကွန်တိန်နာသင်္ဘောမှာ အိန္ဒိယသင်္ဘော MV-BEYPORE SULTAN ဖြစ်ပြီး သန့်စင်ပြီး ခဲသတ္တု ၉၉ တန်ပါ ကွန်တိန်နာ ၄ လုံး၊ ပြောင်းဆန် ၁၃၀၀ တန်ပါ ကွန်တိန်နာ ၅၂ လုံးတို့ကို သယ်ဆောင်ကာ ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး ကော့သောင်းဆိပ်ကမ်းသို့ ဇူလိုင်လ ၇ ရက် ညတွင် ရောက်ရှိခဲ့သည်။

ဇူလိုင်လ ၈ ရက်တွင် ကုန်များကို အစစ်ဆေးခံခဲ့ပြီး ထိုင်းနိုင်ငံ၊ ရနောင်းမြို့သို့ ဆက်လက်ထွက်ခွာသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ ကုန်စည်တချို့ ပြန်လည်တင်ဆောင်ကာ ကော့သောင်းမြို့သို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးသို့ ကုန်စည် ဆက်လက်ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/

## ပခုက္ကူဈေးကွက်၌ ကြက်သွန်နီဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ဖြစ်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူဈေးကွက်သို့ ကြက်သွန်နီစိုက်ပျိုးသော ကူရှည်၊ ဆင်နီတောင်၊ ဒေါ်သာ၊ ပင်းတလဲ၊ ရွာသစ်ကြီး၊ လိပ်ခြံကျေးရွာများမှ အများဆုံးဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုအနေဖြင့် ဇွန်လ နောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအနေဖြင့် ကြက်သွန်နီထိပ်စ တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀ ဖြင့် လည်းကောင်း၊ အလတ်စ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ဖြင့်လည်းကောင်း၊ အသေးစ တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ဖြင့်လည်းကောင်း ဥပုသ်နေ့မှလွဲ၍ နေ့စဉ် ဝင်ရောက်လျက်ရှိပြီး ဇွန်လ နောက်ဆုံးပတ်တွင် ကုန်ဝင်ရောက်မှုများပြားလျက်ရှိရာ တစ်ရက်လျှင် ကြက်သွန်နီပိဿာချိန် ၂၀,၀၀၀ မှ ၃၀,၀၀၀ အထိ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ ကြက်သွန်နီ အများဆုံးတင်ပို့လျက်ရှိပြီး ဇွန်လနောက်ဆုံးပတ်တွင် ပြည်ပသို့ ကြက်သွန်နီကုန်ချိန်ပိဿာ ၂ သိန်း၊ တန်ချိန်အားဖြင့် ၃၂၆ တန်ခန့် တင်ပို့နိုင်ခဲ့ကြောင်း ဈေးကွက်မှသိရသည်။

**Source:** https://commerce.gov.mm

## အရှေ့တောင်အာရှနှင့် ဥရောပကိုပါခြေဆန့်နေရသည့် ဧရာဝတီတိုင်းထွက်ပုစွန်များ




ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေနှင့် နီးကပ်လျက်ရှိသော ငပုတောမြို့နယ်အတွင်းရှိ ဟိုင်းကြီးကျွန်း၊ မော်တင်၊ ဇီးချိုင်၊ ကံချိုင်၊ စံပြကျေးရွာ၊ သက္ကယ်သောင်၊ သမ္ဘာဒေဝ၊ တောင်ကလေးနှင့် အခြားကျေးရွာများ၊ ချောင်းသာ၊ ငွေဆောင်ဝန်းကျင်ကျေးရွာများတွင် ရေချို၊ ရေငန်ပုစွန်များကို ဖမ်းဆီးလျက်ရှိပြီး ပုသိမ်ဈေးကွက်သို့ လာရောက်ရောင်းချလျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

ပုသိမ်ဈေးကွက်တွင် ဒေသတွင်းစားသုံးရန်နှင့် ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ဂရမ်၂၅၀ အထက် ပုစွန်ဈေးမှာ ၁ ပိဿာလျှင် ၈၅,၀၀၀ ကျပ်၊ ဂရမ် ၂၀၀ အထက်ဈေးမှာ ၁ ပိဿာလျှင် ၆၅,၀၀၀ ကျပ်ဈေးနှုန်းနှင့် ဂရမ် ၅၀ မှ ဂရမ် ၁၀၀ အတွင်း (၅၀၀၀၀/ ၆၀,၀၀၀) ကျပ်ဈေးနှုန်းခန့်၊ ပုစွန်အရွယ်အစားအလိုက် (၂၀,၀၀၀/ ၄၀,၀၀၀) ကျပ်အတွင်းရှိ ပုစွန်များကိုလည်း ဈေးကွက်အတွင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

ပုသိမ်ဈေးကွက်မှ ပြည်ပဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချမှု မရှိဘဲ ရန်ကုန်မြို့ရှိ စံပြဈေးနှင့်ရွှေပိတောက်ငါးဈေးသို့ နေ့စဉ်တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့ရှိ ပြည်ပသို့တင်ပို့ရောင်းချသည့်ကုမ္ပဏီများ၊ အဝယ်တော်များက အဆိုပါဈေးများတွင် ဂရမ် ၂၀၀ အထက်နှင့် ဂရမ် ၂၅၀ အထက်ပုစွန်များကို လာရောက်ဝယ်ယူလျက်ရှိကြောင်းသိရသည်။ ယင်းကဲ့သို့ဝယ်ယူပြီး အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ထိုင်း၊ စင်္ကာပူ၊ အာရှနိုင်ငံများဖြစ်သော ဂျပန်နိုင်ငံနှင့်ဥရောပနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ပုသိမ်ဈေးကွက်မှ ရေထွက်ပစ္စည်းများရောင်းချရာတွင် ရန်ကုန်မြို့ရှိ အဝယ်ဒိုင်များက ဖွင့်လှစ်သောဈေးနှုန်းဖြင့်သာ ရောင်းချရပြီး ရန်ကုန်မြို့ရှိ ပြည်ပသို့ပို့သော ကုမ္ပဏီများအနေဖြင့်လည်း အရည်အသွေး၊ ဝယ်လိုအား၊ ဈေးကွက်ပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရကြောင်း ပုသိမ်မြို့ရေထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်ထံမှ သိရသည်။

**Source: Popular News Journal**

## ကမ္ဘာ့ဒုတိယအကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံအဖြစ် ထိုင်းနိုင်ငံဆက်လက်ရပ်တည်

၂၀၂၄ ခုနှစ်၊ ပထမ ၅ လတာကာလတွင် ထိုင်းနိုင်ငံသည် ဘတ် ၉၄ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ) တန်ဖိုးရှိသည့် ဆန်တန်ချိန် ၄ ဒသမ ၀၆ သန်းတင်ပို့ခဲ့ပြီး လွန်ခဲ့သည့်နှစ်၏ တူညီသည့်ကာလထက် ၁၆ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ထိုင်းနိုင်ငံဆန်တင်ပို့သူများအသင်း(TREA) ဥက္ကဋ္ဌ Charoen Laothamatas က ပြောကြားခဲ့သည်။ သို့သော် မေလတွင် ဆန်ဖြူနှင့်ပေါင်းဆန်မှာယူမှု လျော့ကျခဲ့ခြင်းကြောင့် ထိုင်းနိုင်ငံ၏ဆန်တင်ပို့မှုမှာ ၆၅၉,၅၆၆ တန်ဖြင့် ၂၉ ဒသမ ၃ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်းသိရသည်။ ထိုင်းနိုင်ငံ၏ အဓိကဆန်ဖြူတင်ပို့သည့် ဈေးကွက်များမှာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အီရတ်၊ ဂျပန်၊ အန်ဂိုလာ၊ မလေးရှား၊ ကင်မရွန်းနှင့်မိုဇမ်ဘစ်တို့ဖြစ်ပြီး ပေါင်းဆန်အတွက် အဓိကဈေးကွက်များမှာ တောင်အာဖရိကနှင့်ဘီနင်တို့ဖြစ်ကြောင်းသိရသည်။ Thai Hom Mali ဆန်မွှေးအတွက် အဓိကဈေးကွက်များမှာ အမေရိကန်၊ ဟောင်ကောင်၊ ကနေဒါ၊ စင်္ကာပူ၊ တရုတ်နှင့် ဩစတြေးလျတို့ဖြစ်ကြောင်းသိရသည်။ Charoen က ထိုင်းဆန်ဈေးနှုန်းများမှာ အိန္ဒိယ၊ ဗီယက်နမ်နှင့်ပါကစ္စတန်တို့မှထုတ်လုပ်သည့် ဆန်ဈေးနှုန်းများထက် အများအပြားမြင့်မားနေပြီး ထိုသို့ဈေးနှုန်းကွာဟမှု

ကြောင့် ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှားတို့မှာ ဗီယက်နမ်နိုင်ငံမှ တင်သွင်းမှုတိုးမြင့်လာကြောင်း ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၄ ခုနှစ်၏ ပထမ ၅ လတွင် ဆန်တန်ချိန် ၇ ဒသမ ၂၀ သန်းဖြင့် ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံအဖြစ်ရပ်တည်နေပြီး ထိုင်းနိုင်ငံက တန်ချိန် ၄ ဒသမ ၀၆ သန်း၊ ဗီယက်နမ်နိုင်ငံက တန်ချိန် ၄ ဒသမ ၀၃ သန်း၊ ပါကစ္စတန်က တန်ချိန် ၃ ဒသမ ၀၂ သန်းနှင့် အမေရိကန်က တန်ချိန် ၁ ဒသမ ၅ သန်း အသီးသီးတင်ပို့ခဲ့ကြကြောင်းသိရသည်။ ၂၀၂၄ ခုနှစ်၏ ပထမ ၅ လတွင် ထိုင်းဆန်တင်သွင်းသည့် ထိပ်ဆုံး ၅ နိုင်ငံမှာ အင်ဒိုနီးရှားက တန်ချိန် ၉၁၄,၇၆၀၊ အီရတ်က တန်ချိန် ၃၆၃,၄၃၈၊ အမေရိကန်က တန်ချိန် ၃၄၄,၈၇၃၊ ဖိလစ်ပိုင်က တန်ချိန် ၂၈၀,၅၂၂ နှင့် တောင်အာဖရိက က တန်ချိန် ၂၂၉,၃၆၉ တို့ဖြစ်ကြောင်းသိရသည်။

**Source: Vietnam plus**

https://www.doca.gov.mm

## တင်ပို့မှုပြန်လည်နာလန်ထူလာမှုက ဗီယက်နမ်စီးပွားရေးကြီးထွားမှုအရှိန်မြှင့်တင်ရန် ကူညီ

ယခုနှစ်၏ ပထမနှစ်ဝက်ကာလတွင် ဗီယက်နမ်နိုင်ငံ၏ ပြည်ပတင်ပို့မှုတန်ဖိုးခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၉၇ ဘီလီယံရှိပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၁၃ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်လာကြောင်း စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန (MoIT)လက်အောက်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဦးစီးဌာန၏ အစီရင်ခံစာအရသိရသည်။ ဌာန၏ညွှန်ကြားရေးမှူး Bui Duy Son က နိုင်ငံများစွာ၏ ကုန်ပစ္စည်းများတင်သွင်းမှု တစ်ဖန်ပြန်လည်မြင့်တက်လာခြင်းနှင့်အတူ ကမ္ဘာလုံးဆိုင်ရာစီးပွားရေး အပေါင်းလက္ခဏာဆောင်သည့် လမ်းကြောင်းရောက်ရှိနေခြင်းသည် ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံတင်ပို့မှုအတွက် ကောင်းမွန်သည့်လက္ခဏာဖြစ်ကြောင်းပြောကြားခဲ့သည်။ ၎င်းသည် ဗီယက်နမ်နိုင်ငံ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးကို ၆ ရာခိုင်နှုန်း ပတ်ချာလည် အရှိန်မြှင့်တင်ရန်အတွက် အရေးကြီးသည့်အချက်ရှိကြောင်းသိရသည်။ ပြုပြင်ခြင်းနှင့်ကုန်ထုတ်လုပ်ခြင်း နယ်ပယ်သည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၉ ဒသမ ၉၂ ဘီလီယံဖြင့် အဓိကနေရာတွင်ရှိနေပြီး စုစုပေါင်းတင်ပို့မှု၏ ၈၄ ဒသမ ၆၃ ရာခိုင်နှုန်းရှိကာ လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၁၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်းသိရသည်။

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂၁ ဘီလီယံဖြင့် လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၁၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်းသိရသည်။ MoIT ၏အဆိုအရ ဇန်နဝါရီ- ဇွန်ကာလအတွင်း ကုန်ပစ္စည်းများ တင်သွင်းမှု-တင်ပို့မှုမှာ ခန့်မှန်းတန်ဖိုး ၃၆၉ ဒသမ ၅၉ ဘီလီယံရှိခဲ့ပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၁၆ ဒသမ ၀၃ ရာခိုင်နှုန်းမြင့်တက်လာကာ ကုန်သွယ်ရေးပိုငွေမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။ စက်မှုနှင့်ကုန်သွယ်ရေး ဒုတိယဝန်ကြီး Phan Thi Thang က ဈေးကွက် ၆၀ ကျော်ပါဝင်သည့် လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်(FTAS)ကွန်ရက်သည် ပြည်တွင်းမှစက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ တင်ပို့မှုအရှိန်မြှင့်တင်ရန်နှင့် အကောက်ခွန်ဦးစားပေးမှု အခွင့်အလမ်းများရယူရန် အခွင့်အလမ်းများ တိုးချဲ့ပေးနေကြောင်း ပြောကြားခဲ့သည်။ ဝန်ကြီးဌာနသည် ထုတ်လုပ်မှုကိုလှုံ့ဆော်နိုင်မည့် ဖြေရှင်းချက်များ၊ ပြည်တွင်းဈေးကွက်နှင့်ပြည်ပတင်ပို့ရန်အတွက် ထောက်ပံ့မှုတည်ငြိမ်စေရေး၊ စွမ်းအင်လုံခြုံစိတ်ချရမှု သေချာစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်၏ စာရင်းအင်းအချက်အလက်အရ ဗီယက်နမ်နိုင်ငံ၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတင်ပို့မှုတန်ဖိုးသည် ၎င်းတို့၏ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၉၄ ရာခိုင်နှုန်းရှိပြီး တစ်ကမ္ဘာလုံးတွင် နံပါတ် ၁၄ နေရာ၌ ရပ်တည်လျက်ရှိနေကြောင်းသိရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဝယ်ယူနိုင်စွမ်းအား တိုးတက်လာမှုသည် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးအပေါ် သိသိသာသာအကျိုးသက်ရောက်စေကြောင်းသိရသည်။ အမေရိကန်၊ ဥရောပသမဂ္ဂ၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့သို့ တင်ပို့မှုသည် ၂၂ ဒသမ ၃ ရာခိုင်နှုန်း၊ ၁၆ ဒသမ ၁ ရာခိုင်နှုန်း၊ ၁၀ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့ပြီး အားကောင်းစွာ ကြီးထွားလာကြောင်းသိရသည်။ ပညာရှင်များကလည်း ဖွံ့ဖြိုးပြီးဈေးကွက်များနှင့် အမေရိကန်မှ တင်သွင်းမှုမြင့်တက်လာခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၏တင်ပို့မှုမှာ ၂၀၂၄ ခုနှစ် ဒုတိယနှစ်ဝက်နှင့် ၂၀၂၅ ခုနှစ်တို့တွင် သိသာထင်ရှားစွာ ကြီးထွားလာမှုကိုတွေ့မြင်နိုင်ရန်မျှော်လင့်ရကြောင်း အပေါင်းလက္ခဏာဆောင်သည့် စီးပွားရေး ခန့်မှန်းချက်များ ပြောကြားခဲ့ကြသည်။

Source: Vietnam plus https://www.doca.gov.mm

## တရုတ်မှ မျိုးရိုးဗီဇပြောင်း ပြောင်းဖူးများ၏ အန္တရာယ်များကို ထိုင်းလယ်သမားများစိုးရိမ်



တရုတ်နိုင်ငံ၏ မျိုးရိုးဗီဇပြောင်း ပြောင်းဖူးကို တိရစ္ဆာန်အစာနှင့် အီသနော ထုတ်လုပ်ရာတွင် ပီလောပီနံအစားထိုး အသုံးပြုလာနိုင်ကြောင်း ထိုင်းနိုင်ငံ၊ ကုန်သွယ်မှု မူဝါဒနှင့် မဟာဗျူဟာရုံး (Trade Policy and Strategy Office-TPSO) က လယ်သမားများနှင့် ပီလောပီနံစိုက်ပျိုးသူများအား သတိပေးထားသည်။

TPSO ၏ ညွှန်ကြားရေးမှူးချုပ်က တရုတ်နိုင်ငံသည် ပိုးမွှားများကို ခံနိုင်ရည်ရှိသော ဗီဇပြောင်း ပြောင်းမျိုးကွဲများအား ၁၉၉၇ ခုနှစ်ကတည်းက သုတေသနပြုထုတ်လုပ်နိုင်ခဲ့ကြောင်း၊ အဆိုပါဗီဇပြောင်းသီးနှံများဘေးကင်းမှုနှင့် ထိရောက်မှုရှိစေရန်အတွက်လည်း စဉ်ဆက်မပြတ် ကွင်းဆင်း စမ်းသပ်မှုများ ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဗီဇပြောင်း ပြောင်းဖူးများကို ပြည်တွင်းဝယ်လိုအားပြည့်မီရန် မထုတ်လုပ်နိုင်သဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကတည်းက တင်သွင်းခဲ့သည်။ နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ၁၄ ကြိမ်မြောက် ၅ နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) အရ စားနပ်ရိက္ခာနှင့် လယ်ယာထွက်ကုန်များ ဖူလုံရေး၊ ပိုးသတ်ဆေးသုံးစွဲမှုလျှော့ချရေးနှင့် လယ်သမားများ စိုက်ပျိုးစရိတ်လျှော့ချရေးအတွက် တရုတ်သည် ဗီဇပြောင်း ပြောင်းဖူးများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှ ဗီဇပြောင်း ပြောင်းဖူး ၃၇ မျိုးအား မွန်ဂိုလီးယားအတွင်းပိုင်း၊ ဂန်းဆု၊ ဟီဘေး၊ ကျိလင်၊ လိယောင်နင်၊ ကွမ်ရှီး၊ စီချွမ်နှင့်ယူနန်ပြည်နယ်တို့တွင် စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း ၂၀၂၄ ခုနှစ် ဇန်နဝါရီက ထုတ်ပြန်ကြေညာခဲ့သည်။ ယခုနှစ်တွင် ဗီဇပြောင်း ပြောင်းစိုက်ပျိုးဧရိယာကို ရိုင် သန်းပေါင်း ၄ ဒသမ ၁၇ မှ ၆ ဒသမ ၂၅ ထိ တိုးလာမည်ဟု ခန့်မှန်းထားသည်။

တရုတ်ဗဟိုကော်မတီနှင့် နိုင်ငံတော်ကောင်စီတို့က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်က ထုတ်ပြန်ခဲ့သော ကြေညာချက် အမှတ် (၁) အရ ယခုနှစ်အတွက် လယ်ယာနှင့်ကျေးလက်ဖွံ့ဖြိုးရေး မူဝါဒများတွင် ကောက်ပဲသီးနှံအထူးသဖြင့် ပြောင်းနှင့် ပဲပိစပ်အထွက်နှုန်းမြင့်တင်ရန်၊ နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံစေရန်၊ လယ်သမားများ၏ ဘဝမြင့်တင်ရေး စက်မှုလယ်ယာစနစ်အား အရှိန်မြှင့်ရန် ဖော်ပြထားသည်။

ပြည်ပစိုက်ပျိုးရေးဝန်ဆောင်မှုဌာနအရ တရုတ်နိုင်ငံ၏ ဗီဇပြောင်း ပြောင်းစိုက်ပျိုးမှုဧရိယာသည် စုစုပေါင်း ပြောင်းစိုက်ပျိုး ဧရိယာ၏ ၁ ရာခိုင်နှုန်း အောက်သာရှိသော်လည်း ၂၀၂၅ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း နှစ်စဉ်ပျမ်းမျှ ၁၀ မှ ၁၅ ရာခိုင်နှုန်း တိုးလာ မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ပြောင်းသည် ထိုင်းနိုင်ငံ၏ အဓိက လယ်ယာပို့ကုန် မဟုတ်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းဝယ်လိုအား ဖြည့်ဆည်း ရန် ဗီဇပြောင်း ပြောင်းများအသုံးပြုမှုသည် ထိုင်းနိုင်ငံ၏ ပီလောပီနံတင်ပို့မှုကို ထိခိုက်နိုင်ကြောင်း၊ အကြောင်းမှာ ထိုင်းပီလောပီနံကို တရုတ်၏ တိရစ္ဆာန်အစာနှင့် အီသနောထုတ်လုပ်မှုတွင် အသုံးပြုခြင်းကြောင့်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် ပို့ကုန်ဈေးကွက်အနည်းငယ်ကိုသာ မှီခိုနေရမှုကိုလျှော့ချသင့်ကြောင်း TPSO ညွှန်ကြားရေးမှူးချုပ်ကပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ပြောင်းတန်ချိန် ၂၇ ဒသမ ၁ သန်းဖြင့် ကမ္ဘာပေါ်တွင် ပြောင်းအများဆုံးတင်သွင်း ခဲ့ကြောင်း၊ ဗီဇပြောင်း ပြောင်းဖူးအဓိကတင်ပို့သည့်နိုင်ငံများမှာ ဘရာဇီးနှင့်အမေရိကန်တို့ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ် ကမ္ဘာ့ ဗီဇပြောင်း ပြောင်းဈေးကွက်သည် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၄ ဘီလီယံဖြင့် လည်ပတ်နေခဲ့ပြီး ၂၀၃၀ ပြည့်နှစ် နှစ်ကုန်ပိုင်း တွင် ဈေးကွက်အရွယ်အစား အမေရိကန် ဒေါ်လာ ၃၈၄ ဘီလီယံခန့်ရှိမည်ဖြစ်ကြောင်း၊ တရုတ်ကဲ့သို့ ဗီဇပြောင်း ပြောင်းဖူး ထုတ်လုပ်သူအသစ်များကြောင့် ရောင်းလိုအားတိုးတက်လာပြီး ကမ္ဘာ့ပြောင်းဈေး ကျဆင်းနိုင်မည်ဟု မျှော်လင့်ရကြောင်း လေ့လာသုံးသပ်သူများကဆိုသည်။

**Source:** www.bangkokpost.com

**WTO ဌာနခွဲ**

**ကုန်သွယ်ရေးဦးစီးဌာန**

https://www.commerce.gov.mm/

## ဗီယက်နမ်နိုင်ငံမှ ဒူးရင်းသီးတင်သွင်းမှုတချို့ကို ပိတ်ပင်လိုက်သည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံထံမှ ဒူးရင်းသီးတင်သွင်းသည့် အရင်းအမြစ် ၃၃ ခုကို ယခုလတွင် ပိတ်ပင်လိုက်ကြောင်း သိရသည်။ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးမှူးက အသီးများတွင် သတ္တုဓာတ်များပါဝင်မှု အလွန်များပြားနေမှုကြောင့် ဒူးရင်းစိုက်ခင်း ၁၈ ခုနှင့် ထုပ်ပိုးသည့်ကုမ္ပဏီ ၁၅ ခု အနေဖြင့် တင်သွင်းမှုကိုရပ်တန့်တော့မည်ဟု ဗီယက်နမ်တွင် တရားဝင်စာထုတ် ပြောကြားခဲ့ကြောင်းသိရသည်။ ထို့ပြင် တရုတ်နိုင်ငံသည် စိုက်ခင်း ၃၃ ခုနှင့် ထုပ်ပိုးသည့်ကုမ္ပဏီ ၄၀ တို့ကို တင်သွင်းရန်မသင့်လျော်ဟု ယူဆလျက်ရှိကြောင်းသိရသည်။ တရုတ်နိုင်ငံအကောက်ခွန်က ပြည်တွင်းဥပဒေများ၊ နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့် ဒူးရင်းသီးကုန်သွယ်ရာတွင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် လိုက်နာဆောင်ရွက်မှုတို့ကို အခြေခံကာ တင်သွင်းရန်ပိတ်ပင်သင့်/မသင့်ကို ရွေးချယ်ခြင်းဖြစ်ကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံ Fulbright University မှ သိပ္ပံပညာရှင် Nguyen Thanh Trung က ဗီယက်နမ်ဒူးရင်းသီးစိုက်ပျိုးသူများသည် တရုတ်နိုင်ငံသို့တင်ပို့ခြင်းမှ အကျိုးကျေးဇူး ရနိုင်သော်လည်း တင်ပို့သည့် ဒူးရင်းသီးများအပေါ် အရည်အသွေးထိန်းချုပ်မှုမရှိခြင်း ရုတ်တရက်မြင့်တက်လာမှုသည် ရေရှည်တွင် ဗီယက်နမ်ဒူးရင်းသီးများ၏ သိက္ခာကိုထိခိုက်စေကြောင်း ပြောကြားခဲ့သည်။ ဗီယက်နမ် စိုက်ပျိုးရေးသမားများ သည် ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့ရန် ခွင့်ပြုချက်ကို ပထမဆုံးရရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်တွင် ထိုင်းနိုင်ငံ ပြီးလျှင် တရုတ်နိုင်ငံ၏ ဒုတိယအကြီးမားဆုံး ဒူးရင်းသီးတင်သွင်းရာ အရင်းအမြစ်ဖြစ်လာကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဒူးရင်းသီးတန်ချိန် ၁ ဒသမ ၄ သန်းတင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံ၏ဝေစုမှာ အမေရိကန် ဒေါ်လာနှင့်တွက်ပါက ၂၀၂၂ ခုနှစ်တွင် ၁၀၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၆၈ ရာခိုင်နှုန်းထိ ကျဆင်းသွားကြောင်း သိရသည်။ ၂၀၂၄ ၏ ပထမ ၅ လတွင် ထိုင်းနိုင်ငံသည် အမေရိကန် ၂ ဒသမ ၂ ဘီလီယံ တန်ဖိုးရှိသည့် ဒူးရင်းသီးများကို တရုတ် နိုင်ငံသို့တင်ပို့ခဲ့ပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ ဗီယက်နမ်နိုင်ငံက အမေရိကန် ဒေါ်လာ ၆၆၁ ဒသမ ၄၇သန်းဖြင့် လွန်ခဲ့သည့်နှစ် ကာလထက် ၆၁ ရာခိုင်နှုန်း တင်ပို့မှုမြင့်တက်လာကြောင်းသိရသည်။ တရုတ်နိုင်ငံ အကောက်ခွန်အုပ်ချုပ်ရေးကလည်း ဗီယက်နမ်အာဏာပိုင်များကို ပိတ်ပင်ခံရသည့်ကုမ္ပဏီများအနေဖြင့် မည်သည့် အရာများမှားယွင်းနေသည်ကို လေ့လာရန်၊ ပြဿနာများကိုဖြေရှင်းရေး၊ အကဲဖြတ်ရန်နှင့်ဆက်စပ်အခြေအနေများ နောက်တစ်ကြိမ် ထပ်မံဖြစ်ပွားခြင်းမှကာကွယ်ရန်အတွက် စေ့စေ့စပ်စပ်စိစစ်ရန် တိုက်တွန်းခဲ့သည်။

ဗီယက်နမ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးစီရင်စု ၂ ခုက လွန်ခဲ့သည့်နှစ်တွင် ဒူးရင်းသီးများ အလွန်အကျွံထုတ်လုပ်နေမှုနှင့် အရည်အသွေးပြဿနာများ ဖြစ်ပေါ်လာနိုင်မှုနှင့်ပတ်သက်ပြီး သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ဝန်ကြီးဌာန၏ သစ်သီးဝလံစိုက်ပျိုးရေး အကြီးအကဲက ဒူးရင်းပင်များကို မသင့်လျော်သည့် ဧရိယာများတွင် စိုက်ပျိုးနေသောကြောင့် အရည်အသွေးနိမ့်သည့် ဒူးရင်းသီးများထွက်ရှိလာပြီး ဗီယက်နမ်လယ်သမားများနှင့် ဗီယက်နမ်ဒူးရင်းသီးအမှတ်တံဆိပ်ကို ထိခိုက်စေကြောင်းပြောကြားခဲ့သည်။ ဧပြီလတွင် တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံထံမှ 1Kg လျှင် ၅ ဒသမ ၈၀ အမေရိကန်ဒေါ်လာဖြင့် တင်သွင်းခဲ့ပြီး ဗီယက်နမ်ဒူးရင်းသီးကို 1Kg လျှင် ၄ ဒသမ ၂၂ အမေရိကန်ဒေါ်လာဖြင့် တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုပိတ်ပင်မှုသည် တရုတ်နိုင်ငံက မလေးရှားနိုင်ငံထံမှ လတ်ဆတ်သောဒူးရင်းသီးများကို ပထမဆုံးတင်သွင်းခွင့်ပြုသည့်အချိန်တွင် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံနှင့် လွန်ခဲ့သည့်အပတ်က ချုပ်ဆိုခဲ့သောစာချုပ်သည် မလေးရှားနိုင်ငံမှ စိုက်ပျိုးရေးသမား ၆၃၀၀၀ ကို အကျိုးကျေးဇူးရရှိစေမည်ဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံသည် မလေးရှားနိုင်ငံအား ၂၀၁၁ ခုနှစ်တွင် ဒူးရင်းသီးအနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် အေးခဲထားသော ဒူးရင်းသီးများကို သာ တင်သွင်းခွင့်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ မလေးရှားနိုင်ငံထံမှ ယှဉ်ပြိုင်မှုပေါ်ပေါက်လာခြင်းသည် ဗီယက်နမ်ဒူးရင်းသီးစိုက်ပျိုးသူများကို တုန်လှုပ်သွား စေခဲ့ပြီး ဒူးရင်းသီးကို အရေအတွက်ထက် အရည်အသွေးကို ပိုမိုအာရုံစိုက်ရန် လိုအပ်သည်ကို သိရှိစေမည် ဖြစ်ကြောင်း Nguyen က ပြောကြားခဲ့သည်။ တရုတ်နိုင်ငံအကောက်ခွန်အုပ်ချုပ်ရေးကလည်း ၎င်းတို့သည် ဗီယက်နမ်နိုင်ငံထံမှ တင်သွင်းမှုများကို ဆက်လက်ပြုလုပ်သွားရန်ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

**Source: Bangkok Post**

**DOCA(ရန်ကုန်)** https://www.doca.gov.mm/

# STOCK EXCHANGE (10.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 10th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,933 (Shares) | 21,025,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -100 | -1.12% | 8,900 | 8,900 | 8,800 | 329 | 2,899,400 | 33,109,694 | 291,365 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 1,510 | 5,058,500 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 73 | 598,600 | 10,400,986 | 85,288 |
| FPB | 00004 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 3,004 | 4,966,550 | 29,664,613 | 48,947 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 3 | 8,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,750 | 1,752 | 3,077,500 | 19,977,223 | 35,959 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,500 | 1,262 | 4,417,000 | 23,804,946 | 83,317 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 10th Jul. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 403.21 | -2.54 | -0.63% | 405.75 | 405.75 | 402.68 | 7,933 | 21,025,950 | 8 | 760,533 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 11th Jul. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,510 (Shares) | 29,090,350 (MMK) |

| MYANPIX | 396.44 ▼ 6.77 |
|---|---|
| Total Volume (shares) | 9,510 |
| Total Value (MMK) | 29 mil |
| Listed Company | 8 |
| Market Cap. (MMK) | 747,754 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 300 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 100 |
| EFR | 00006 | 1,700 | ▼ 100 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,600 | ▲ 100 |